- "အသင်တို့ထဲမှ တစ်ဦးတစ်ယောက်သည် နေ့စဥ်

ကောင်းမှုကုသိုလ် တစ်ထောင်ကို ရယူနိုင်ဖို့

မတတ်စွမ်းနိုင်ဘူးလား

စအဒ် ဗင်န် အဗီဝက္ကါစ်ွ (ရဿွိယလ္လာဟုအန်ဟု) ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ၏ အပါးတော်၌ ကျွန်ုပ်တို့ ရှိနေကြစဉ်ကိုယ်တော်ကမိန့်ကြားတော်မူသည်မှာ- "အသင်တို့ထဲမှ တစ်ဦးတစ်ယောက်သည် နေ့စဥ်
ကောင်းမှုကုသိုလ် တစ်ထောင်ကို ရယူနိုင်ဖို့ မတတ်စွမ်းနိုင်ဘူးလား။" ထိုအခါ
ကိုယ်တော်မြတ်၏ (ထိုင်ဝိုင်းတွင်)ထိုင်နေသူများထဲမှတစ်ဦးကလျှောက်ထားမေးမြန်းခဲ့သည်မှာ- ကျွန်တော်မျိုးတို့ထဲမှ တစ်ဦးတစ်ယောက်သည်
ကောင်းမှုကုသိုလ်တစ်ထောင်ကို မည်သို့ရယူနိုင်မည်နည်း။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်ကြားတော်မူသည်မှာ- သူသည် "الله سبحان" 'စူဗ်ဟာနလ္လာဟ်' အကြိမ်တစ်ရာ ရွတ်ဆိုရမည်။ ထိုသို့ရွတ်ဆိုခြင်းအားဖြင့် သူ့အတွက်
ကောင်းမှုကုသိုလ် တစ်ထောင် ရေးမှတ်ခြင်းခံရမည် သို့မဟုတ် သူ၏
အပြစ်အကုသိုလ်တစ်ထောင် ခွင့်လွှတ်ခြင်းခံရမည်ဖြစ်သည်။
[صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိမိ၏တပည့်သားစွဟာဗဟ်များအားမေးမြန်းတော်မူခဲ့သည်- အသင်တို့ထဲမှ တစ်ဦးတစ်ယောက်သည် နေ့စဥ်ကောင်းမှုကုသိုလ်တစ်ထောင်ကို ရယူဖို့ မတတ်စွမ်းနိုင်ကျဘူးလား။ ထိုအခါ ကိုယ်တော်မြတ်၏အပါးတော်၌ထိုင်နေကြသူများထဲမှ တစ်ဦးက လျှောက်ထားမေးမြန်းခဲ့သည်- ကျွန်တော်မျိုးတို့ထဲမှတစ်ဦးတစ်ယောက်သည် တစ်ရက်မှာ ကောင်းမှုကုသိုလ်တစ်ထောင်ကို မည်သို့ လွယ်လွယ်ကူကူရယူနိုင်မည်နည်း။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်ကြားတော်မူသည်- သူသည် 'စူဗ်ဟာနလ္လာဟ်' (အလ္လာဟ်အရှင်မြတ် ပကတိစင်ကြယ်မြင့်မြတ်တော်မူကြောင်း) ကိုအကြိမ်တစ်ရာ ရွတ်ဆိုရမည်။ ထိုသို့ ရွတ်ဆိုခြင်းအားဖြင့် သူ့အတွက် ကောင်းမှုကုသိုလ်တစ်ထောင် ရေးမှတ်ခြင်းခံရမည်။ အဘယ် ကြောင့်ဆိုသော် ကောင်းမှုတစ်ခုသည် အဆဆယ်ဆရှိသောကြောင့်တည်း။ သို့တည်းမဟုတ် သူ့မှ အပြစ်ပေါင်း တစ်ထောင်ကို ပယ်ဖျက်ပေးခြင်းခံရမည် ဖြစ်သည်။

https://sunnah.global/hadeeth/my/show/3762


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee